**နိုင်ငံခြားရေးဝန်ကြီးဌာန**

**သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း(Diploma in Diplomacy - DID)**

**သင်တန်းအပတ်စဉ်(၁)**

**သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာ [Diploma in Diplomacy (DID)]သင်တန်း အပတ်စဉ်(၁)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | သင်တန်းအမည် | - | သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း<br>[Diploma in Diplomacy (DID)] |
| (ခ) | ပညာအရည်အချင်း<br>သတ်မှတ်ချက် | - | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု<br>တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ |
| (ဂ) | သင်တန်းကာလ | - | First Semester<br>(၂၀၂၅ ခုနှစ်၊ ဇွန်လမှ အောက်တိုဘာလအထိ)<br>Second Semester<br>(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် မတ်လအထိ) |
| (ဃ) | သင်တန်းချိန်များ | - | အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ (ရုံးဖွင့်ရက်များအတွင်း)<br>နေ့စဉ် ၀၇:၀၀ နာရီမှ ၀၉:၀၀ နာရီအထိ |
| (င) | သင်တန်းနေရာ | - | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန် |
| (စ) | လက်ခံမည့်သင်တန်းသားဦးရေ | - | (၅၀)ဦး |

၂။ သင်တန်းသို့တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်သို့ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) အွန်လိုင်းမှဖြစ်စေ ၁၉-၅-၂၀၂၅ ရက်မှ ၂၉-၅-၂၀၂၅ ရက်အတွင်း လျှောက်ထားနိုင်ပါသည်-

- (က) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ
- (ဃ) ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ(နိုင်ငံ့ဝန်ထမ်းဖြစ်က မလိုပါ)
- (င) ပတ်စ်ပို့ဆိုဒ် (၁.၅" x ၂") ဓာတ်ပုံ (၂)ပုံနှင့် (၁" x ၁") ဓာတ်ပုံ (၁)ပုံ

၃။ လျှောက်ထားသူများအနေဖြင့် လူတွေ့လာရောက်ဖြေဆိုရာတွင် အထက်ဖော်ပြပါ စာရွက်စာတမ်း

မူရင်းများအား တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။ ဝင်ခွင့်လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် အမည်စာရင်းအား ၃၀-၅-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်သွားမည် ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃-၆-၂၀၂၅ ရက်မှ ၆-၆-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသည့် သင်တန်းသားအမည်စာရင်းအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ဒုတိယပတ်တွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ Online ဖြင့်လျှောက်လွှာတင်သွင်းခြင်းအား အောက်ဖော်ပြပါ link တွင် လျှောက်ထားနိုင်ပါသည်-

https://rb.gy/5s192

၅။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

လေ့ကျင့်ရေးဌာနခွဲ - ၀၁ ၂၂၁၅၃၇